# ၁၉၅၇ ခုနှစ်၊ ပြည်ထောင်ပုအာမခံစိနစ်အဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၇ ခုနှစ်၊ အက်ဥပဒေ အမှတ် ၄၇။]

အောက်ပါအတိုင်းအက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို၊ ၁၉၅၇ ခုနှစ်၊ ပြည်ထောင်စု အာမခံစိနစ်အဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

၂။ ။နောက်တွင်အဆိုပါအက်ဥပဒေဟု ရည်ညွှန်းသည့်၊ ၁၉၅၀ ပြည့်နှစ်၊ ပြည်ထောင်စုအာမခံစိနစ်အဖွဲ့အက်ဥပဒေ၏ပုဒ်မ ၇၊ ပုဒ်မခွဲ (၁) အစား၊ အောက်ပါကို၊ ပုဒ်မခွဲ (၁) အဖြစ်ထည့်သွင်းရမည်။

"(၁) အဖွဲ့သည်၊ နိုင်ငံတော်သမတ ၏သဘောတူညီချက်ဖြင့်၊ အသက်အာမခံလုပ်ငန်းနှင့် အခြားအာမခံလုပ်ငန်းများကို ဆောင်ရွက်နိုင်သည့်ပြင်၊ ထိုလုပ်ငန်းများနှင့်စပ်လျဉ်းသော စည်းကမ်းချက်များနှင့် နည်းလမ်းများကိုလည်း သတ်မှတ်နိုင်သည်။"

၃။ ။အဆိုပါအက်ဥပဒေ၏ ပုဒ်မ ၁၇ အစား၊ အောက်ပါကို၊ ပုဒ်မ ၁၇ အဖြစ်ထည့်သွင်းရမည်။

"၁၇။ ။(၁) အဖွဲ့သည်၊ ဘဏ္ဍာရေးနှစ် ကုန်ဆုံးသည့်အခါတိုင်း၊ ထိုနှစ်အတွင်းမိမိဆောင်ရွက်သောလုပ်ငန်းအကြောင်းနှင့် မိမိချထားသည့်ဝါဒ ရည်ညွှန်းချက်မှုနှင့်စပ်လျဉ်း၍၊ မည်သို့ဆောင်ရွက်ကြောင်းများ ဖေါ်ပြပါရှိသော နှစ်ချုပ် အစီရင်ခံစာကို၊ နိုင်ငံတော်သမတ ထံသို့တင်ပြရမည်။ ထိုနှစ်ချုပ်အစီရင်ခံစာကို၊ နိုင်ငံတော်သမတက ပါလီမန်ဆိုင်ရာလွှတ်တော်နှစ်ရပ်သို့တင်ပြစေရမည်။

(၂) အဖွဲ့သည်၊ မိမိ၏လုပ်ကိုင်ဆောင်ရွက်မှုများနှင့် သက်ဆိုင်သည့် ငွေစာရင်းများကို၊ နိုင်ငံတော်သမတ ၏သဘောတူညီချက်ဖြင့်၊ နိုင်ငံတော်စာရင်းစစ်ချူပ်က၊ ကုန်သွယ်လုပ်ငန်း စည်းမျဉ်းများအတိုင်း ပြဋ္ဌာန်းသည့်ငွေစာရင်းထားရှိပုံ နည်းစနစ်နှင့် ပုံစံအတိုင်းထားရှိရမည်။

(၃) အဖွဲ့၏ငွေစာရင်းများကို၊ နိုင်ငံတော်စာရင်းစစ်ချူပ်က၊ နှစ်စဉ်စစ်ဆေး၍၊ ထိုငွေစာရင်းများနှင့်စပ်လျဉ်းသည့် စာရင်းစစ်ချက် အစီရင်ခံစာကို၊ နိုင်ငံတော်သမတ ထံသို့တင်ပြရမည်။ နိုင်ငံတော်သမတ သည်၊ ထိုစာရင်းစစ်ချက် အစီရင်ခံစာကို၊ သက်ဆိုင်ရာ ငွေစာရင်းများနှင့်တကွ၊ ပြည်သူ့လွှတ်တော်သို့ တင်ပြရမည်။ သို့ရာတွင် အဖွဲ့သည်၊ နိုင်ငံတော်စာရင်းစစ်ချူပ်၏ သဘော

အဘိုး—၂၀ ပြား]

တူညီချက်ကို ကြိုတင်ရယူပြီးနောက်၊ ခန့်အပ်သော မှတ်ပုံဝင် စာရင်းစစ်များအား၊ နိုင်ငံတော် သမတ ၏သဘောတူညီချက်ဖြင့်၊ အဖွဲ့၏ ငွေစာရင်းများကို၊ ကုန်သွယ်လုပ်ငန်း နည်းလမ်းအတိုင်း ကြားဖြတ်စစ်ဆေးစေနိုင်သည်။

(၄) အဖွဲ့သည်၊ အဖွဲ့၏ငွေစာရင်းရှင်းတမ်းနှင့် စာရင်းစစ်ချက် အစီရင်ခံစာအသီးသီး၏ မိတ္တူတစောင်စီကို၊ အဖွဲ့၏ဗဟိုရုံးတွင်၊ လူအများကြည့်ရှုစစ်ဆေးနိုင်ရန်အတွက် ထားရှိရမည်။

(၅) အဖွဲ့၏ ငွေစာရင်းများကို၊ စစ်ဆေးပြီးသည်နှင့်တပြိုင်နက်၊ အဖွဲ့သည်၊ထိုစစ်ဆေးပြီးဖြစ်သော နှစ်ချုပ်ငွေစာရင်းများ၊ လက်ကျန်ရှင်းတမ်းများအပြင်၊ နိုင်ငံတော်သမတ ကသီးခြားဆင့်ဆိုသော အခြားရှင်းတမ်းများနှင့် အစီရင်ခံစာများကိုပါ၊ စာရင်းစစ်ချက် အစီရင်ခံစာမိတ္တူတစောင်နှင့်တကွ၊ နိုင်ငံတော်သမတ ထံတင်ပြရမည်။

(၆) ဤအက်ဥပဒေအရ၊ နိုင်ငံတော်စာရင်းစစ်ချုပ်က ဆောင်ရွက်ရမည့် မည်သည့်ကိစ္စကိုမဆို၊နိုင်ငံတော်စာရင်းစစ်ချုပ်က၊ ယေဘုယျအမိန့်ဖြင့် ဖြစ်စေ၊သီးခြားအမိန့်ဖြင့် ဖြစ်စေ၊ အာဏာလွှဲအပ်ထားသည့်၊ ၎င်း၏ လက်အောက်အရာရှိက ဆောင်ရွက်နိုင်ရမည်။ သို့ရာတွင် နိုင်ငံတော်စာရင်းစစ်ချုပ်သည်၊ ခွင့်ရက်ယူထားခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းကြောင့်ဖြစ်စေ၊ မိမိအလုပ်ခွင်တွင် မရှိသည့်အခါမှတပါး၊ ဤအက်ဥပဒေ အရ၊ ပြည်သူ့လွှတ်တော်သို့ တင်ပြရန်အတွက် နိုင်ငံတော် စာရင်းစစ်ချုပ်က နိုင်ငံတော်သတေ ထံသို့တင်ပြရမည့် အစီရင်ခံစာကို၊ ၎င်း၏ ကိုယ်စားတင်ပြရန်၊ လက်အောက်အရာရှိအား အာဏာလွှဲအပ်ခြင်း မပြုရ။''

ပ၊မ၊ဗ၊စ၊ အမှတ် ၄၁၊ တရားရေးဝန်ကြီးဌာန၊ ၃-၃-၅၈—၂,၂၀၀—၂။